| MAX ENERGY | MAX ENERGY CO., LTD. | Ref. No : MAXE<br>Version : |
|---|---|---|
| MANAGEMENT | **CUSTOMER RELATED INFORMATION POLICY** | Page : 1 of 4<br>Effective Date :<br>Approved By : Executive Director |

**Purpose**

ကုမ္ပဏီ၏ လုံခြုံရေး၊ ဝန်ထမ်းများ၏ ဘေးအန္တရာယ် ကာကွယ်ရေးနှင့် Customer များ၏ ကိုယ်ရေး ကိုယ်တာ လုံခြုံရေးကို ရှေးရှုရန်။

**Responsibility**

ကုမ္ပဏီမှ တာဝန်ပေးအပ်ထားသော တာဝန်ခံနှင့် Third party company ၏ တာဝန်ရှိ ပုဂ္ဂိုလ်။

**Customer related information policy**

**သိမ်းစည်းထားမည့်အချက်အလက်များ**

၁။ Customer များ၏ ကားနံပါတ်များကို လုံခြုံရေးကင်မရာ ဖြင့်သော်လည်းကောင်း၊ ကွန်ပြူတာထဲသို့ တိုက်ရိုက် ရိုက်ထည့်၍သော်လည်းကောင်း မှတ်သားထားမည်ဖြစ်သည်။

၂။ ကွန်ပြူတာထဲသို့ တိုက်ရိုက် ရိုက်ထည့်သော ကားနံပါတ်များအား ရတနာပုံ Teleport တွင် Server ထားရှိ၍ သိမ်းဆည်းထားပါသည်။ ထို့သို့ ရတနာပုံ Teleport သို့ ပေးပို့ရာတွင်လည်း Data များကို Encrypt ပြုလုပ်၍ ပေးပို့ပါသည်။

၃။ Customer များ၏ ကားနံပါတ်အား ကုမ္ပဏီမှ မှတ်သားထားရာတွင် အပြင်သို့ ပြန်လည် ပေါက်ကြားစေခြင်း မရှိစေပါ။

၄။ ကားနံပတ်များ မှတ်သားထားရခြင်း ရည်ရွယ်ချက်သည် အကြွေးဝယ်ခွင့် ပြုလုပ်ထားသော ကုမ္ပဏီများမှ ကားနှင့် ကိုယ်ပိုင် ကားများ ရောနှောသွားစေခြင်း မရှိစေရန်ဖြစ်သည်။ ထို့အပြင် ပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါကလည်း ပြန်လည် ဖြေရှင်းမှု ပြုလုပ်နိုင်ရန်ဖြစ်သည်။

၅။ ထိုသို့ မှတ်သားထားသော ကားနံပါတ်များကိုလည်း မိမိတို့ ကုမ္ပဏီမှ သက်ဆိုင်ရာ တာဝန်ပေးခြင်းခံထားရသော သူမှသာ ဝင်ရောက် ကြည့်ရှုခွင့် ရှိသည်။ ထို့အပြင် အခွင့်မရှိပဲ ဝင်ရောက်ကြည့်ရှုခြင်းမရှိစေရန် အတွက် Log in account တစ်ခုဖန်တီးထားပြီး Password ဖြင့် ပိတ်ထားပေးပါသည်။


REQUIRED WRITTEN PERMISSION BY MAX ENERGY MANAGEMENT TO AMEND OR TO COPY.

၆။ လုံခြုံရေးကင်မရာ သည် အချိန်နှင့်တစ်ပြေးညီ လှုပ်ရှားမှုများကို မှတ်တမ်းတင်ထားမည်ဖြစ်သည်။ သိမ်းဆည်းထားသောအချက်အလက်များကို ကြည့်ရှုနိုင်ခွင့်သည် ဝန်ထမ်းတိုင်းတွင် မရှိပါ။

၇။ သိမ်းဆည်း ထားသော အချက်အလက်များကို ကြည့်ရှုနိုင်ရန်အတွက် Log in account တစ်ခု လိုအပ်ပါသည်။ ထို Log in account ကို ကုမ္ပဏီမှ တာဝန်ပေးအပ်ထားသော သူ နှင့် လုံခြုံရေးကင်မရာ ကို တပ်ဆင်ပေးသော(သို့မဟုတ်) ရောင်းချပေးသော ကုမ္ပဏီမှ အခွင့်ရှိသူသာ ဝင်ရောက်ကြည့်ရှုခွင့်ရှိသည်။

**<u>အချက်အလက်များ သိမ်းဆည်းထားခြင်း၏ ရည်ရွယ်ချက်</u>**

၁။ မိမိပိုင်နက်အတွင်း၌ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးအတွက် သင့်တော်မည်ထင်သော နေရာ၌ လုံခြုံရေးကင်မရာ (CCTV) အား တပ်ဆင်မည်ဖြစ်သည်။ ထို (CCTV) ၏အမြင် ကျယ်ပြန့်မှု ဧရိယာ ပေါ်တွင် ဖြတ်သန်းသွားသမျှကို တောက်လျှောက်မှတ်တမ်းတင်ထားမည်ဖြစ်သည်။

၂။ မှတ်တမ်းတင်ထားသော အချက်အလက်များကို (**ကားနံပတ်များအပါအဝင်**) ကိုယ်ရေးကိုယ်တာလုံခြုံရေးအရ ဖြန့်ဝေခြင်း ပြုမည်မဟုတ်ပါ။

၃။ လုံခြုံရေးကင်မရာအား ကိုယ်ရေးကိုယ်တာ လုံခြုံရေးအား ချိုးဖောက်ရာ ကျသည်ဟု ထင်သော နေရာများတွင် တပ်ဆင်မည်မဟုတ်ပါ (ဥပမာ. သန့်စင်ခန်း၊ ရေချိုးခန်း၊ အဝတ်လဲခန်း စသဖြင့်)။

၄။ ကုမ္ပဏီ လုံခြုံရေးအရ လုံခြုံရေးကင်မရာ တပ်ဆင်ခြင်းသည် မိမိတို့၏ ပိုင်နက် အတွင်းတွင်သာ တပ်ဆင်ခြင်း ဖြစ်သဖြင့် တပ်ဆင်ခွင့် ရှိသည်။

၅။ မိမိတို့ တပ်ဆင်ထားသော လုံခြုံရေးကင်မရာ (CCTV)သည် ရုပ်ကိုမှတ်တမ်းတင်ထားခြင်းဖြစ်သည်။ သို့သော်လိုအပ်မည်ထင်သည့် အခါတွင် အသံပါမှတ်တမ်းတင်နိုင်သော လုံခြုံရေးကင်မရာ တပ်ဆင်မည်ဖြစ်သည်။

၆။ မိမိတို့ ကုမ္ပဏီပိုင် ပစ္စည်းများပျက်စီးခြင်းမှ ကာကွယ်ရန်နှင့် ဝန်ထမ်းများ၏လုံခြုံရေးကို ထိခိုက်မှုမရှိစေရန် ဖြစ်ပါသည်။

၇။ ကုမ္ပဏီသို့ လာရောက်သော ဧည့်သည်များ၏ လုံခြုံမှု ရှိစေရန်ဖြစ်ပါသည်။ ထို့အပြင် အကြောင်းအရာ ထူးခြားမှု တစ်ခုခု ပေါ်ပေါက်ပါက ပြန်လည် စစ်ဆေးနိုင်ရန် ဖြစ်ပါသည်။

၈။ ရာဇဝတ်မှုတစ်ခုခု ပေါ်ပေါက်ပါက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းထံသို့ ပြန်လည် ဖော်ပြပေးရန်နှင့် တရားဥပဒေ စိုးမိုးရေး လုပ်ငန်းစဉ်တွင်လည်း အထောက်အပံ့ ဖြစ်စေရန် ဖြစ်ပါသည်။

၉။ သိမ်းဆည်းထားသော (CCTV) အချက်အလက် များအား ၎င်း (CCTV) ဖိုင်အတွင်းတွင် ပါဝင်သော လူပုဂ္ဂိုလ် သည် ဝင်ရောက်ကြည့်ရှုခွင့် ရှိသည်။

၁၀။ အချက်အလက်များ သိမ်းဆည်းထားနိုင်သော ရက် အပိုင်းအခြားသည် သုံးစွဲထားသော သိမ်းဆည်းနိုင်မှု ပမာဏအလိုက် ကွဲပြားမှု ရှိသည်။

**<u>စောင့်ကြပ်ကြည့်ရှုခြင်း</u>**

၁။ ကုမ္ပဏီမှ အသုံးပြုနေသော Software အား ပြင်ဆင်ရေးသားခြင်း ပြုမည်ဆိုလျှင် ၎င်း Software ရေးသားသော Third Party Company နှင့် မိမိတို့ Company မှ ဆွေးနွေးညှိနှိုင်းခြင်း ဦးစွာ ပြုလုပ်မည် ဖြစ်သည်။ မိမိတို့ Company ကို အသိပေးခြင်း မပြုပဲ အချက်အလက်များ ထုတ်ယူခြင်း၊ ပြင်ပသို့ ရောင်းစားခြင်း၊ Software update ပြုလုပ်ခြင်းများ မပြုလုပ်ရပါ။

၂။ လုံခြုံရေး ကင်မရာအား ပြုပြင်ထိန်းသိမ်းရေး ပြုလုပ်ခြင်းသည် ကုမ္ပဏီမှ တရားဝင် ခွင့်ပြုထားသော လူများသာ ပြုပြင်ခွင့်ရှိသည်။ အခွင့်မရှိပဲ ပြုပြင်ခြင်း၊ နေရာရွှေ့ခြင်း၊ ကင်မရာ ချိန်ထားရာ နေရာ ပြောင်းလဲခြင်း၊ အချက်အလက်များ ဖျက်စီးခြင်း၊ ကင်မရာကို တစ်စုံတစ်ခုနှင့် ကွယ်ထားခြင်းများ လုံးဝမပြုလုပ်ရပါ။

၃။ လုံခြုံရေးကင်မရာ ပျက်စီးနေသည် (သို့မဟုတ်) စက်ပိုင်းဆိုင်ရာချို့ယွင်းချက်ရှိ၊ မရှိကို ဆိုင်တာဝန်ခံ (သို့မဟုတ်) ကုမ္ပဏီမှ တာဝန်ပေးထားသော သူသည် အမြဲတစေ ကြည့်ရှုနေရမည်။ တစ်စုံတစ်ရာ ချို့ယွင်းချက်ရှိနေလျှင် ပြုပြင်ထိန်းသိမ်းရေး အဖွဲ့ထံ ချက်ခြင်းအကြောင်းကြားရမည်။

အထက်ပါ Customer related Information Policy နှင့်ပတ်သက်၍ နားမလည်ခြင်း၊ မရှင်းလင်းခြင်း၊ မကျေနပ်ခြင်းများ ရှိပါက ကုမ္ပဏီ၏ သက်ဆိုင်ရာတာဝန်ခံ ဆီသို့ လာရောက်မေးမြန်းနိုင်ပါသည်။

| PREPARED BY | CHECKED BY | APPROVED BY |
|---|---|---|
| Name : . . . . . . .. . . . . . | Name : . . . . .. . . . . . . | Name : . . . . ... . . . . . . . . |
| Sign : . . . . . . .. . . . . .. . | Sign : . . . . . .. . . . . . . | Sign : . . . . . .. . . . . . . . |
| Date : . . . . . . . . . . . . . . | Date : . . . . .. . . . . . . . | Date : . . . . . . . . . . . . . |